## Press Release

# ကုတင် (၁၀၀) ဆံ့ အဆင့်မြင့် ဝေဘာဂီကူးစက်ရောဂါ အထူးကုဆေးရုံသစ်ကြီး ပန္နက်တင်မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြီးစီး

- ကူးစက်ရောဂါဆိုင်ရာ ကုသရေးလုပ်ငန်းစဉ်များအတွက် ရေရှည် ထိရောက်သော အထောက်အပံ့ကောင်းများ ဖြစ်စေမည်
- မြန်မာနိုင်ငံ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်လှူဒါန်းသွားမည်

**ရန်ကုန် - ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်** - အေးရှားဝေါလ်ကုမ္ပဏီလုပ်ငန်းစု၏ ပြည်သူ့အကျိုးပြုပရဟိတအဖွဲ့အစည်းဖြစ်သည့် အေးရှားဝေါလ်ဖောင်ဒေးရှင်း (AWF) သည် အနာဂတ်ကာလ၌ ကူးစက်ရောဂါများကုသရေးတွင် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများ ရရှိစေရန်ရည်ရွယ်၍ **ကုတင် (၁၀၀) ဆံ့ ဝေဘာဂီကူးစက်ရောဂါကုအဆင့်မြင့်ဆေးရုံသစ်တစ်ဆောင်ကို** မြန်မာနိုင်ငံ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ တရားဝင်ခွင့်ပြုချက်ဖြင့် ဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်သည်။ အဆိုပါဆေးရုံသစ်ဆောက်လုပ်ခြင်းကို ၂၀၂၁ ခုနှစ်အတွင်း ပြီးစီးနိုင်ရန် မျှော်လင့်ထားပြီး လတ်တလောဖြစ်ပွားနေသည့် COVID-19 ကူးစက်ရောဂါနှင့် အခြားသော ကူးစက်ရောဂါကုသရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ထားပါသည်။

ဝေဘာဂီအဆင့်မြင့်ဆေးရုံသစ်ကြီး၏ ပန္နက်တင်မင်္ဂလာအခမ်းအနားအား အဆိုပါ ဆေးရုံသစ်ဆောက်လုပ်မည့်တည်ဆောက်ရေးစီမံကိန်းမြေနေရာ၌ ယနေ့ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့ နံနက် ၈း၀၀ နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဒေါ်နီလာကျော်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ COVID-19 ကုသရေးဌာန (ဖောင်ကြီး) ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂ ) ဦးဇော်ဝေစိုး၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးထွန်းမြင့်၊

အေးရှားဝေါ်လ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်၊ ကူးစက်ရောဂါကု ဝေဘာဂီအထူးကုဆေးရုံကြီးမှ တာဝန်ရှိသူများ နှင့် အေးရှားဝေါ်လ်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် **ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းမှ "အခုဆိုရင် ကမ္ဘာတဝှမ်းမှာ COVID-19 ကူးစက်ရောဂါဖြစ်ပွားနေတာ တစ်နှစ်ကျော်ရှိနေပြီး ဘယ်အချိန်ထိ ဒီလို အခြေအနေမျိုးတွေနဲ့ ရင်ဆိုင်နေရမလဲဆိုတာ ဘယ်သူမှတပ်အပ်မပြောနိုင်ပါဘူး။ ဒါကြောင့် COVID-19 ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးပိုင်းတွေအတွက် လုပ်ဆောင်နေရုံမကဘဲ တစ်ဖက်မှာလည်း နိုင်ငံရဲ့စီးပွားရေးကဏ္ဍကို မယိမ်းယိုင်စေဖို့နဲ့ လိုအပ်တဲ့ ကျန်းမာရေးစံသတ်မှတ်ချက်တွေအောက်မှာ လုပ်ငန်းတွေကို စနစ်တကျနဲ့ ပြန်လည်လည်ပတ်နိုင်အောင် လုပ်ကိုင်ရင်း New Normal ကို လိုက်နာကျင့်သုံးသွားရမှာပဲဖြစ်ပါတယ်။ ဒီလိုလုပ်ကိုင်နိုင်ဖို့ဆိုရင် အခြေခံကျတဲ့ ကျန်းမာရေးအဆောက်အအုံတွေလည်း မရှိမဖြစ်လိုအပ်လာမှာပါ။ ဒါကြောင့် အခုလိုအချိန်မှာ ကျွန်တော်တို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်နေတဲ့ ကျန်းမာရေးကဏ္ဍကို ကူညီထောက်ပံ့ပေးတဲ့အတွက် အေးရှားဝေါ်လ်ဖောင်ဒေးရှင်းကို အထူးကျေးဇူးတင်မိပါတယ်။ ဒီစီမံကိန်းကြီး လျင်လျင်မြန်မြန်နဲ့ပြီးစီးပြီး လိုအပ်တဲ့နေရာမှာ အသုံးပြုနိုင်ဖို့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ အဖက်ဖက်ကနေ ကူညီပံ့ပိုးပေးသွားမှာဖြစ်ပါတယ် "** ဟု ၎င်း၏ အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။




*ပုံ - ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းမှ အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားပေးနေစဉ်*

**"ရန်ကုန်တိုင်းဒေသကြီးဟာ စီးပွားရေးအရလည်း မှီခိုနေရတဲ့ Population Hub City ဖြစ်တဲ့အတွက် COVID-19 ရောဂါ ကူးစက်မှုဒဏ်ကို ၆၀% လောက် ခံစားရတဲ့အနေအထားရှိတယ်။ လက်ရှိအနေအထားမှာ အစိုးရ နဲ့ ပုဂ္ဂလိက၊ ပြည်သူ နိုင်နင်းစွာပူးပေါင်းဆောင်ရွက်မှုကြောင့် ကူးစက်မှုနှုန်းလျော့ကျလာပြီဖြစ်ပေမယ့် ဒီဇင်ဘာလ (၁၂) ရက်နေ့လောက်ကစပြီး ဗီဇပြောင်း COVID-19 ပိုးအသစ်ကိုလည်း အခြားအိမ်နီးချင်းနိုင်ငံများမှာပါ ရောက်ရှိနေပြီဖြစ်လို့ တတိယလှိုင်းမဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းတားဆီးရင်း လိုအပ်တဲ့ ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုတွေလည်း လုပ်ဆောင်သင့်တာပဲ ဖြစ်ပါတယ်။ ဒီလို ကြုံတွေ့နေရတဲ့ အနေအထားမှာ အခုလို ICU အခန်း ၃၀ နဲ့ Oxygen Pipe Line ၇၀ လောက်ပါဝင်မယ့် Facility ပြည့်စုံတဲ့ ခေတ်မီ Modernized 100 Bedded ကူးစက်ဆေးရုံအသစ်ကြီးကိုလှူဒါန်းမယ့် အေးရှားဝေါလ်ဖောင်ဒေးရှင်းကို အထူးကျေးဇူးတင်ပါတယ်။"** ဟု ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဒေါက်တာဦးထွန်းမြင့်မှ ပြောကြားခဲ့ပါသည်။

"အခုဆိုရင် ဖြစ်ပွားလျက်ရှိတဲ့ ကိုဗစ်ကပ်ရောဂါနဲ့အတူ ဘယ်လိုယှဉ်တွဲနေထိုင်ရမယ်ဆိုတာကိုလည်း ထည့်သွင်းစဉ်းစားလာကြတာကြောင့် ရေရှည်ကာလအကျိုးကိုမျှော်ကိုးကာ ကူးစက်ရောဂါကုသရေးဆေးရုံ အသစ်တစ်ခုကို တည်ဆောက်လှူဒါန်းရခြင်းဖြစ်ပါတယ်။ ဒီဆေးရုံသစ်ကြီးဟာ ကူးစက်ရောဂါကုဆေးရုံ ဖြစ်တဲ့အတွက် ရှိသင့်ရှိထိုက်သော ဆေးရုံ Specifications နဲ့အညီ ကူးစက်ရောဂါ ကုသမှုအပိုင်းမှာ လိုအပ်တဲ့ ပစ္စည်းများ (Medical & Operational Facilities) တွေကို ဖြည့်ဆည်းသွားမှာဖြစ်ပါတယ်။ Built-in Facilities တွေအနေနဲ့ အောက်ဆီဂျင်ပိုက်လိုင်းတွေ၊ Emergency Room / ICU Room တွေစတဲ့ အရေးကြီးသော ကုသရေးပစ္စည်းများကိုပါ တစ်ပါတည်း ထည့်သွင်းထားပြီးသား ဖြစ်ပါတယ်။ ဒီလို ကူးစက်ရောဂါကုသဆောင် အသစ်မျိုးဟာ အလျှင်အမြန်လိုအပ်တဲ့ ကဏ္ဍမှာပါဝင်တာကြောင့် အမြန်ဆုံး နဲ့ အထိရောက်ဆုံး ဆောက်လုပ်ပြီး ပြည်သူလူထုကို အမြန်ဆုံးကုသမှု ပေးနိုင်တဲ့ စီမံကိန်းရည်ရွယ်ချက်တစ်ခုအဖြစ် အထမြောက်အောင် လုပ်ဆောင်သွားပါမယ်။ အေးရှားဝေါလ်ဖောင်ဒေးရှင်းအနေနဲ့ ဒီဆေးရုံအသစ် တည်ဆောက်ရေးစီမံကိန်းကို ယခုနှစ်အတွင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပြီးစီးနိုင်မယ်လို့ ယုံကြည်ချက်ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်တွေကို နောက်ကြောင်းပြန်ကြည့်မယ်ဆိုရင် ပြီးခဲ့တဲ့ ၄ နှစ်တာကာလအတွင်း လမ်းပန်းဆက်သွယ်ရေး Infrastructure အပိုင်းကဏ္ဍမှာ AWF အနေနဲ့ ရခိုင်ပြည်နယ် စစ်တွေတစ်ဖက်ကမ်းရှိ မောင်တော-အငူမော် (၅၅) ကီလိုမီတာ လမ်းပိုင်းကို ၂ လမ်းသွား ကွန်ကရစ်လမ်းမအဖြစ် အဆင့်မြှင့်တင် ဆောက်လုပ်လှူဒါန်းနိုင်ခဲ့ပြီး၊ မကြာသေးမီ ကာလကပဲ တောင်ငူ - ဘောဂလိ - မော်ချီးသွားလမ်းမပေါ်မှာ ပေ (၈၀၀) ကျော် အရှည်ရှိ (၂) လမ်းသွား

Prestressed Reinforce Concrete တံတားကြီးကို တည်ဆောက် လှူဒါန်းပြီးစီးခဲ့ပြီးဖြစ်ပါတယ်" ဟု အေးရှားဝေါလ်ဖေါင်ဒေးရှင်းအားတည်ထောင်သူ - ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်မှ ပြောကြားခဲ့ပါသည်။

<u>အဆင့်မြင့် ဝေဘာဂီ ကူးစက်ရောဂါ အထူးကု ဆေးရုံသစ်ကြီး၏ အချက်အလက် အကျဉ်းချုပ်</u>

ဝေဘာဂီကူးစက်ရောဂါအထူးကုဆေးရုံသစ်ကြီးကို အောက်ဖော်ပြပါအချက်အလက်များအတိုင်း အကောင်အထည်ဖော်တည်ဆောက်သွားပါမည်။


စုစုပေါင်းကြမ်းခင်းဧရိယာ(sq ft) : ၃၆,၀၀၀

အထပ် : သုံးထပ်အဆောက်အအုံ

ကုတင်အရေအတွက် : ၁၀၀




*ပုံ - တည်ဆောက်ပြီးစီးမည့် ခေတ်မီ အဆင့်မြင့်ဆေးရုံအဆောက်အအုံဒီဇိုင်းပုံစံအကြမ်း*



*ပုံ - တည်ဆောက်ရေးစီမံကိန်းမြေနေရာ*

မြန်မာနိုင်ငံသားများအတွက် ပိုမိုကောင်းမွန်ပြည့်စုံသော လူနေမှုဘဝရရှိရေးနှင့် ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး အစ ရှိသည့် ကဏ္ဍများတွင် အစဉ်အမြဲ တက်ကြွစွာ ပံ့ပိုးကူညီရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၄ ခုနှစ်တွင် စတင် ဖွဲ့စည်း တည်ထောင်ခဲ့သော အေးရှားဝေါလ် ဖောင်ဒေးရှင်း (AWF) သည် လူမှုအဖွဲ့အစည်းအကျိုးပြုလုပ်ငန်းများ အား တစိုက်မတ်မတ်လုပ်ဆောင်လာခဲ့ရာ ယခုလှူဒါန်းမှုသည် ပြည်သူများအတွက်လိုအပ်သည့် ဆေးရုံလိုအပ်ချက် နှင့် ကိုက်ညီမှုရှိမည်ဟု မျှော်လင့်မိပါသည်။

အေးရှားဝေါလ်ဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၉ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ ၅၅ ကီလိုမီတာအရှည် အင္ဂူမော် - မောင်တောလမ်းပိုင်း လမ်းမကြီး အဆင့်မြှင့်တင်ခြင်းအပြင် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးရှိတောင်ငူ မြို့တို့ကို ချိတ်ဆက်ထားသော မြန်မာ့ပထမဆုံး ကြိုတင်ဖိအားဖြည့်တင်းသံကူကွန်ကရစ် ပလက်ဝတံတား အသစ်ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးလှူဒါန်းခဲ့ခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်မှု နှင့် ဒေသတွင်း ပညာရေးနှင့်လူမှုစီးပွားကဏ္ဍအား ဖွံ့ဖြိုးမှုအရှိန်ကို အစပျိုးခဲ့ပြီး ဖြစ်ပါ သည်။

## *အေးရှားဝေါလ်ဖောင်ဒေးရှင်းအကြောင်း*

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် အေးရှားဝေါလ်ကုမ္ပဏီ၏ ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်ပြည့်စုံသော လူနေမှုဘဝရရှိရေးကိုဖော်ဆောင်သော စီမံကိန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန် သံဓိဋ္ဌာန်ချမှတ်ထားပြီး အေးရှားဝေါလ်ကုမ္ပဏီစတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ လူထုအကျိုးပြုပရဟိတလုပ်ငန်းများဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ပံ့ပိုးလျက်ရှိရာ ပညာရေး၊ သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအစရှိသည့် ကဏ္ဍများစွာတွင် လှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။